ရောင်းသည့်အခါ၊ ဝယ်သည့်အခါနှင့် မိမိ၏ ရပိုင်ခွင့်ကိုတောင်းဆိုသည့်အခါ သက်ညှာထောက်ထားသူကို

အလ္လာဟ်အရှင်မြတ် ကရုဏာသက်တော်မူပါစေ။

ဂျာဗိရ်(ရဿွိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။ အလ္လာဟ်အရှင်မြတ်၏ရစူလ်တမန်တော်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) မိန့်ကြားတော်မူသည်။
ရောင်းသည့်အခါ၊ ဝယ်သည့်အခါနှင့် မိမိ၏ ရပိုင်ခွင့်ကို တောင်းဆိုသည့်အခါ
သက်ညှာထောက်ထားသူကို အလ္လာဟ်အရှင်မြတ် ကရုဏာသက်တော်မူပါစေ။
[صحيح] [رواه البخاري]

ရောင်းချရာတွင် ဝယ်သူအပေါ် ပစ္စည်းဈေးနှုန်း အခက်မတွေ့စေဘဲ သက်ညှာသူ၊ကောင်းမြတ်သည့် ကိုယ်ကျင့်တရားဖြင့် ဆက်ဆံသူ၊ ဝယ်ယူရာတွင်လည်း မတရားရယူခြင်း၊ပစ္စည်းကို မရမကဈေးဆစ်ခြင်းတို့မပြုဘဲ ညှာတာထောက်ထားသူ၊ ဆင်းရဲသားများ၊မပြည့်စုံသူများထံမှ မိမိအကြွေးကို တောင်းသည့်အခါ အတင်းဓမ္မရယူခြင်းမပြုဘဲညှာတာထောက်ထားသူ၊ အခက်အခဲရှိနေသူများကို စောင့်ဆိုင်းပေးသူတို့အားအလ္လာဟ်အရှင်မြတ်က ကရုဏာထားတော်မူရန် တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)ကဒုအာပြုတော်မူခဲ့သည်။

https://sunnah.global/hadeeth/my/show/3716